## ၁၀။ သံပုရာ၊ ရှောက်၊ လိမ္မော် ယင်မဲ

**Citrus blackfly : *Aleurocanthus woglumi* (Ashby, 1915 )**

**Hemiptera: Aleyrodidae**

### ဖျက်ကောင်ပုံသဏ္ဌာန်များ





ပိုးမမည် နှင့် ရုပ်ဖုံးအဆင့်များသည် ဘဲဥပုံသဏ္ဌာန် အနက်ရောင် ရှိကြသည်။ အကောင်ကြီးများတွင် အတောင်များပါရှိပြီး ခဲရင့်ရောင်၊ ခဲပြာရောင် ရှိသည်။ ခန္ဓာကိုယ်သည် အနီရောင်၊ လိမ္မော်ရောင်ရှိကာ ယင်ဖြူအုပ်စုဖြစ်သော်လည်း ၎င်း၏ အရောင်အရ ယင်မဲဟု ခေါ်ခြင်းဖြစ်သည်။

### ဖျက်ဆီးပုံလက္ခဏာများ





အရွက်အောက်မျက်နှာပြင်အပေါ်တွင်သေး၍အမဲရောင်ဖျက်ပိုးလေးများအားအုပ်စုလိုက်တွေ့ရသည်။အရွက်၊ပင်စည်များအပေါ်တွင်ပျားရည်များစွန့်ထုတ်ခြင်းကြောင့်ကျပ်ခိုးမှိုများဖြစ်ပေါ်စေသည်။ဖျက်ဆီးခံရသောအရွက်များတွန့်လိန်ရှုံ့တွပုံပျက်သွားခြင်းတို့တွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (၁၁ – ၃၀)** ရက် |
| ပိုးမမည် အဆင့် | **– (၁၈–၆၆)** ရက် |
| ရုပ်ဖုံး အဆင့် | **– (၁၆ –၈၀)** ရက် |
| အကောင်ကြီး အဆင့် | **– (၆ – ၁၂)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ကိုင်းကျပ်၊ ကိုင်းညှပ်များအား ခုတ်ထွင် ရှင်းလင်းပါ။

(၂) စိုက်ခင်းတွင် ဖျက်ပိုးကျရောက်မှုကို အမြဲကင်းထောက်ပါ။

(၃) ဖျက်ပိုးကျရောက်မှုအနည်းငယ်တွေ့ရှိပါကအရွက်များ ခူးယူဖျက်ဆီးပါ။

(၄) ဆိုးရွားစွာ ကျရောက်ပါကပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍ စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး (Fipronil)
- ကာဘိုဆာလဖန်(Carbosufan)